Doh Ayay

ဒို့အရေး

— တော်လှန်အတွေးအခေါ်မှတ်စု —

# ခုခံရေးလား တော်လှန်ရေးလား

စိုင်းလတ်၊ Ph.D.



Photo : U Pyay/Facebook

(ဒေါက်တာစိုင်းလတ်သည် ကနေဒါနိုင်ငံ Simon Fraser Univeristyမှ ပါရဂူဘွဲ့ ရရှိထားသည်။ ၎င်းသည် လွန်ခဲ့သော (၁၃) နှစ်တာအတွင်း တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်နေခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင်လည်းတော်လှန်ရေးဆိုင်ရာ သုတေသနများနှင့်အကြံပေးပံ့ပိုးမှုများ လုပ်ဆောင်လျက်ရှိသည်။ ယခု ဒို့အရေး၏ တော်လှန်ရေးအတွေးအခေါ် မှတ်စုကဏ္ဍမှနေ၍ ဒေါက်တာစိုင်းလတ်ရေးသားသော ခုခံရေးလား တော်လှန်ရေးလားကို မျှဝေလိုက်ပါသည်။)

(၁)

သက္ကရာဇ် ၂၀၀၀နဲ့ ၂၀၂၁ခုနှစ်အတွင်း ကမ္ဘာပေါ်မှာ တော်လှန်ရေးလှုပ်ရှားမှု (၉၀) နီးပါး ပေါ်ပေါက်ခဲ့ပါတယ်။ အဲ့ဒီထဲက တချို့ အထင်ကရလူထုတော်လှန်ရေးတွေကတော့ ဖိလစ်ပိုင်လူထုတော်လှန်ရေး၊ ဆားဗီးယား/ယူဂိုစလားဗီးယား ဘူဒိုဇာတော်လှန်ရေး၊ ယူကရိန်း Orangeတော်လှန်ရေး၊ ဂျော်ဂျီယာ နှင်းဆီတော်လှန်ရေး၊ ယောင်ကောင် ထီးတော်လှန်ရေး၊ ထိုင်း ရှပ်နီ ရှပ်ဝါ လှုပ်ရှားမှု၊ ဘိုလေးဗီးယား၊ ဟေတီ၊ ကာဇစ်စတန်၊ နီပေါ၊ အီရန်၊ တူရကီ၊ အိုင်ဗရီကို့စ်၊ အီကွေဒေါ၊ ချက်၊ ဆူဒန်၊ လဘနွန်၊ ပါလက်စတိုင်း နဲ့ ၂၀၁၀-၂၀၁၁ နောက်ပိုင်းအာရပ်နွေဦးတို့ပဲဖြစ်ပါတယ်။

တော်လှန်ရေးနဲ့လူထုလှုပ်ရှားမှုအကြောင်းလေ့လာတဲ့ ပညာရှင်အတော်များများထောက်ပြတဲ့ ဘုံ အချက် တချက်ရှိပါတယ်။ အဲ့ဒါကတော့ တော်လှန်ရေးကြောင့် အာဏာရှင်အစိုးရပြုတ်ကျသွားပေမဲ့ အာဏာရှင်စနစ်ဟာ ပြိုလဲ မသွားတာများတယ်။ အစိုးရအသစ်က ဆက်လက်ဖိနှိပ်အုပ်ချုပ်တယ်။ တော်လှန်ရေးကြောင့် ပဋိပက္ခတွေ ဖြစ်၊ အသက်တွေသေ၊ ပျက်ဆီးဆုံးရှုံးမှုတွေကိုခံစားရပေမဲ့ စနစ်ဟောင်းက ပုံစံအသစ်အနေနဲ့ ဆက်လက်ရှင်သန်နေတယ်။ ပြည်သူလူထုရဲ့ အခြေအနေကလည်း တိုးတက်ပြောင်းလဲမှု မရှိ။ ဖိနှိပ်မှု၊ မတရားမှု၊ မညီမျှမှု၊ ဆင်းရဲကြပ်တည်းမှုတွေနဲ့သာ သံသရာလည်နေတယ်။ ဆိုတော့ လူထုတရပ်လုံး အုံအုံကြွကြွပါဝင်ခဲ့တဲ့ တော်လှန်ရေးတွေဟာ ဘာကြောင့် ဒီလို ရလဒ်မျိုးနဲ့သာ အဆုံးသတ်သွားရသလဲ။ ဒီလို အဖြစ်အပျက်တွေ၊ တခြားနိုင်ငံတွေရဲ့ ကျရှုံးမှုတွေ၊ အတွေ့အကြုံဟာ မြန်မာနွေဦးအတွက် သင်ခန်းစာယူရမယ့် ဥပမာတွေဖြစ်ပါတယ်။



Photo : Getty Images




Photo : Getty Images

လေ့လာသုံးသပ်သူတွေထောက်ပြတဲ့မေးခွန်းတွေထဲက တခုနဲ့ စရရင် - လူထုလှုပ်ရှားမှုတွေကို အမျိုးအစား ဘယ်လိုခွဲသလဲ။ တနည်းပြောရရင် လူထုလှုပ်ရှားမှုတခုဟာ တော်လှန်ရေး ဟုတ်မဟုတ်ဆိုတာ ဘယ်လို သတ်မှတ်မလဲ။ သူတို့ ခွဲခြားစိပ်ဖြာတဲ့ အမျိုးအစားတချို့ကတော့

- တော်လှန်ရေး (လူထုအုံကြွမှုနဲ့ အချိန်အကန့်အသတ်အတွင်းအာဏာရအစိုးရကိုဖြုတ်ချခြင်း၊ နိုင်ငံတော်အာဏာရယူခြင်း (သို့) အခြေအနေဖန်တီးခြင်း၊ စီးပွားရေး လူမှုရေး နိုင်ငံရေး စနစ်/ အဆောက်အဉီများ အခြေခံကျကျ ပြောင်းလဲခြင်း)

- တော်လှန်ရေးလှုပ်ရှားမှု (အစိုးရ/စနစ်ပြောင်းတာထက် အချို့အစိပ်အပိုင်းသာ အပြောင်းအလဲ လုပ်ရန် ရည်ရွယ်ချင်း)

- အဆင်တူတော်လှန်ရေး (လူထုလှုပ်ရှားမှုနဲ့ အစိုးရဖြုတ်ချတာမဟုတ်ဘဲ အာဏာသိမ်း/ ရွေးကောက်ပွဲအပြီးမှ တော်လှန်ပြောင်းလဲရေးလုပ်ခြင်း)

- တော်လှန်ရေးဇာတ်လမ်း (သို့) မအောင်မြင်သောတော်လှန်ရေး (တော်လှန်ရေး ရည်ရွယ်ချက် မအောင်မြင်ဘဲ ချေဖျက်ခံရခြင်း)

- တပိုင်းတစ တော်လှန်ရေးဇာတ်လမ်း (လူထုလှုပ်ရှားမှု ပါသော်လည်း အစိုးရကို မဖြုတ်ချခြင်း၊ နိုင်ငံတော်အာဏာ မသိမ်းပိုက်ခြင်း)

- တော်လှန်ရေးခေတ် (အချိန်ကြာရှည်သော ဖြစ်စဥ်ဖြစ်ပြီး တော်လှန်ရေးကို မွေးဖွားပေးသော အရင်းခံပြဿနာက တပွဲတည်းနဲ့ ပြီးမသွားဘဲ၊ တည်ငြိမ်လိုက်၊ နောက်ထပ်တကြိမ် ထပ်ဖြစ်လိုက်၊ တန်ပြန်တော်လှန်ရေးပေါ်လာလိုက်ဖြင့် ရေရှည်ဖြစ်နေခြင်း)

- တော်လှန်ရေးမဟုတ်တဲ့ တော်လှန်ရေးလှုပ်ရှားမှု (အခြေခံကျကျ ပြောင်းလဲမှုအတွက် ideology အတွေးအခေါ်၊ အမှန်စင်စစ် လူမှုစီးပွားတရားမျှတရေး/ပြန်လည်ခွဲဝေမျှရေး ဆိုင်ရာ distributive justice အတွက် နိုင်ငံရေး/အုပ်ချုပ်ရေးစနစ်နဲ့ စီးပွားရေးစနစ်သစ်တွေအတွက် မဟုတ်ဘဲ အစိုးရပြောင်းဖို့နဲ့ အပေါ်ယံအုပ်ချုပ်ရေးအစိပ်အပိုင်းပြောင်းဖို့ လှုပ်ရှားမှု) စသဖြင့်။

ပညာရှင်တွေ ဘယ်လိုဘဲအမျိုးအစားခွဲပါစေ၊ ဘယ်လှုပ်ရှားမှုကဘယ်တခုနဲ့ ကိုက်ချင်ကိုက် မကိုက်ချင်ချင်နေ ဒါတွေက တပိုင်းပါ။ ဒီအမျိုးအစားတွေအပေါ် အံဝင်ဂွင်ကျဖြစ်ချင်း မဖြစ်ချင်းကလည်း အဓိကမကျ (မလိုအပ်) ပါဘူး။

ဒါပေမဲ့ လိုအပ်တာက တော်လှန်ရေးလို့ သိမ်းကြုံးပြောနေရုံနဲ့ မလုံလောက်ဘူး၊ ကိုယ့်တော်လှန်ရေးဟာ ဘယ်လိုတော်လှန်ရေးမျိုးလဲ၊ ဘာကို တော်လှန်တာလဲ၊ ဘယ်သူ့ကို တော်လှန်တာလဲ၊ ဘာရလဒ်လိုချင်တာလဲ၊ ဘယ်လို မဟာဗျူဟာစုဖွဲ့မှု နည်းဗျူဟာချည်းကပ်မှုနဲ့ သွားနေလဲ၊ သွားချင်တာလဲ၊ သွားရမှာလဲ စတာတွေကို



Photo : Getty Images

Doh Ayay

ခိုင်ခိုင်မာမာ ရှိဖို့ အရေးကြီးပါတယ်။

မဟာဗျူဟာ နည်းဗျူဟာ အဆင့်မလာခင် အတွေးအခေါ်အဆင့်မှာ ကိုယ့်တော်လှန်ရေးနဲ့ပတ်သက်လို့ အလွှာအလွှာလိုက်မှာ ရှင်းလင်းဖို့လိုသလို ခိုင်မာဖို့လိုပါတယ်။

ဒီလိုပဲ တခြားနိုင်ငံတော်လှန်ရေးတွေရဲ့ အမှားတွေကို လေ့လာပြီး သူတို့လို မမှားရအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အပိုင်းကိုလဲ အားစိုက်ဖို့လိုပါတယ်။

(၂)

၂၀၁၇-၁၈-၁၉ ရိုဟင်ဂျာလူမျိုးတုန်းသတ်မှုမှာ စစ်တပ်ကို ထောက်ခံခဲ့တဲ့ NLD၊ တက်ကြွလှုပ်ရှားသူတွေဟာ စစ်တပ်ကို ပြန်ခေါ်နေတယ်ဆိုတာ အီဂျစ်နွေဦးနဲ့ ဥပမာပေးပြီး အရင်က ရေးဖြစ်ခဲ့ဖူးပါတယ်။

Egypt တော်လှန်ရေးဟာ အာရပ်နွေဦးမှာ အလားအလာအရှိဆုံးဖြစ်ခဲ့တယ်။ နှစ်ကြာလာတာနဲ့အမျှ တော်လှန်ရေးအင်အားစုတွေဟာ အတွေ့အကြုံတွေများလာတယ်။ ပရော်ဖက်ရှင်နယ် တော်လှန်ရေးဖြစ်လာတယ်။ နိုင်ငံတော်ဆိုတဲ့ အဖွဲ့အစည်းရဲ့ အကြမ်းဖက်မှုကို ထိရောက်စွာတုန့်ပြန်တဲ့ အဆင့်ရှိလာပါတယ်။



Photo : Reuters

ဒါပေမဲ့  လမ်းခုလတ် သမ္မတမော်စီကို ဖြုတ်ဖို့လုပ်တဲ့နေရာမှာ တော်လှန်ရေးအင်အားစုတွေက စစ်တပ်နဲ့ လက်တွဲခဲ့တယ်။ အင်အားသုံးအလေ့အထရှိအဖွဲ့ကို ပံ့ပိုးခဲ့တယ်။ ဒီလိုနဲ့ စစ်တပ် (နိုင်ငံတော်) ရဲ့ အကြမ်းဖက်မှုက အီဂျစ်ပြည်သူတွေဆီ ပြန်ရောက်လာတယ်။

အခုဒီအကြောင်းပြန်တင်ရတဲ့ ရည်ရွယ်ချက်က - ၂၀၁၇-၁၈ တုန်းက 'ငါတို့ လုပ်တာမှ အမှန်၊ ငါတို့နားလည်တာကမှ အမှန်' ဆိုပြီး ခေါင်းမာခဲ့ကြတဲ့ စစ်တပ်အားပေး လူထုနဲ့ ခေါင်းဆောင်/ဦးဆောင်သူတွေရဲ့ လုပ်ရပ်ဟာ စစ်တပ်အကြမ်းဖက်မှုကို အားပေးအားမြှောက်လုပ် ကာကွယ်ပေးခဲ့တာဖြစ်တယ်။ အမှားကို အမှားမှန်း (တချို့တွေ) သိတဲ့အချိန်  စစ်တပ်က တနိုင်ငံလုံးကို နောက်တကြိမ် အကြမ်းဖက်နေပါပြီ။

အခုလည်း ခေါင်းမာပြီး ငါ့မြင်းငါစိုင်းနေကြပြန်တယ်။ တခါမှားရင် အမှား၊ ၂ ခါမှားရင် ရွေးချယ်မှု၊ ၃ ခါမှားရင် pattern ဆိုတဲ့ Tony Gaskins Jr. ရဲ့ quote ကို မနေ့တနေ့က တွေ့လိုက်ပါတယ်။

(၃)

မြန်မာနွေဦးတော်လှန်ရေးကို နိုင်ငံတကာက အင်တိုက်အားတိုက် မကူညီသော်လည်း နိုင်ငံတကာကို လျစ်လျူရှုလို့မရပါဘူး။ သူတို့ ပျက်ကွက်ချက်၊ စကစနဲ့ ပလူးချက်တွေကို ဝေဖန်တာ ဝေဖန်ရမှာဖြစ်သလို ကိုယ်နဲ့ ကမ္ဘာကြီးနဲ့ ရန်သူမဖြစ်ဖို့လဲ အရေးကြီးပါတယ်။ ကိုယ်လိုချင်/မျှော်လင့်တာရှိသလို သူတို့ ဘယ်လိုစဉ်းစားလဲဆိုတာလဲ ထည့်တွက်ဖို့လိုတယ်။




Photo : Saw Wunna/Unsplash

ဥပမာ - အနောက်နိုင်ငံတွေဟာ Cold War စစ်အေးခေတ် စစ်ပွဲကာလမှာ revolution ဆိုတဲ့ စကားလုံးကို အနုတ်သဘောနဲ့ကြည့်တယ်။ တော်လှန်ရေးလှုပ်ရှားမှုကို တန်ပြန် counter-insurgency နဲ့ ဖြိုခွဲခဲ့တယ်။ (ကွန်မြူနစ် တော်လှန်ရေး၊ လက်ဝဲ တော်လှန်ရေးတွေကို ဟန့်တားတဲ့ခေတ် ဖြစ်တဲ့အတွက်)

- Cold War စစ်အေးခေတ် ပြီးတဲ့နောက်မှာ တော်လှန်ရေးကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလို့ မြင်လာပြီး တော်လှန်ရေးလှုပ်ရှားမှုတွေကို အားပေးထောက်ခံကူညီခဲ့တယ်။ ငွေကြေးကအစ သင်တန်းနဲ့ စစ်ရေးအကူအညီတွေပေးခဲ့တယ်။ သို့သော် အတွေ့အကြုံတွေအရ သူတို့ကူညီပေးလိုက်တဲ့ တော်လှန်ရေးတွေရဲ့ ရလဒ်ဟာ မျှော်လင့်ထားသလိုမဟုတ်ဘဲ အာဏာရှင်အစိုးရတွေ၊ အကျင့်ပျက်ချစားတဲ့ အစိုးရတွေ အာဏာရလာတာသာဖြစ်ပြီး တော်လှန်ရေးခေါင်းစဉ်အောက် လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်မှုနဲ့ ပြည်တွင်းစစ်တွေဆက်ဖြစ်နေစေတယ်။ (လစ်ဗျား၊ အီဂျစ်၊ ဂျော်ဂျီယာ၊ ရီမန်၊ ဆူဒန်၊ ဘာရိန်း စသဖြင့်)
- ကွန်မြူနစ်/လက်ဝဲတော်လှန်ရေးကို အားပေးခဲ့တဲ့ ရုရှနဲ့ တရုတ်ဟာ အခု ဒီမိုကရေစီခေါင်းစဉ်အောက် တော်လှန်ရေးလှုပ်ရှားမှုတွေကို အနောက်တိုင်းရဲ့ ကောက်ကြံအစီအစဉ်ဆိုပြီး ချိန်နဲ့အောင်လုပ်တယ်။

ဒီနိုင်ငံတကာစိုးရိမ်ချက်က သူတို့ရဲ့ မယောင်ရာဆီလူး အကြောင်းပြချက် ဖြစ်နေသည့်တိုင် မြန်မာနွေဦးတော်လှန်ရေးက တခြားနိုင်ငံတွေလို အာဏာရှင်/အကျင့်ပျက်အစိုးရဆက်တက်မှာ မဟုတ်၊ ပြည်တွင်းစစ်ဆက်ပြီး သက်ဆိုးရှည်မှာ မဟုတ်ဘူးဆိုတာ သက်သေပြဖို့လိုပါတယ်။

(၄)

# မြန်မာနွေဦး ဦးဆောင်အဖွဲ့များ (၂)နှစ်အလွန် အမြင်

(၁) စစ်တပ်ချုပ်ထိန်းနိုင်တဲ့ နယ်မြေတွေအတော်နည်းသွားတယ်၊ စကစ အာဏာသိမ်းကြိုးစားမှု ခုထိ မအောင်မြင်သေးဘူး၊ ဒါတွေဟာ လူငယ်တွေရဲ့ သတ္တိ နဲ့ ခံယူမှုတွေကြောင့်ဆိုတာအသိအမှတ်ပြုစရာဖြစ်ပါတယ်။

(၂) လူငယ်တွေက သူတို့အသက်တွေအနာဂတ်တွေပေးပြီး တော်လှန်ရေးအတွက်၊ စစ်အာဏာရှင်ပြုတ်ကြရေးအတွက် စတေးခံပေးချိန် စုပေါင်းဦးဆောင်မှုဆိုတာရဲ့ နိုင်ငံရေး၊ သံတမန်ရေး၊ အရပ်ဘက်အဖွဲ့အစည်းအပိုင်း အဆင့်ဆင့် သူ့နေရာနဲ့သူ လှုပ်ရှားနေကြတဲ့ လူတွေအကြောင်း စဉ်းစားကြည့်ပါတယ်။ တော်လှန်ရေးသမား/တော်လှန်ရေးအလုပ်ထက် စက်ရုံ assembly line လုပ်သားတွေလို လုပ်နေကြ ကိစ္စတွေနဲ့ နေ့စဉ် အလုပ်ရှုပ်နေကြတယ်။ လူတိုင်းနီးပါး မအားမလပ်၊ အစည်းအဝေးပေါင်းများစွာ၊ နာရီပေါင်းများစွာ။

(၃) သုတေသန၊ နိုင်ငံရေးသုံးသပ်မှုတို့ ဆိုတာလဲ အတော်နည်းသွားတယ်။ ခေတ်ကောင်းစဉ်တုန်းက ပါလေရာ သုံးသပ်သူအများစု အသံတိတ်သွားသလို အခုထွက်ထွက်လာတဲ့ သုံးသပ်ချက်ဆိုတာတွေကလည်း သုံးသပ်ချက်ဆိုတာထက် (က) အထင်အမြင် (ခ) လူအများသိပြီးသားကို ပြန်circulateတဲ့ အကျဉ်းချုပ် (သို့မဟုတ်) reminder လိုဖြစ်နေတယ်။ တော်လှန်ရေးကာလ တော်လှန်ရေးအတွေးအခေါ် တော်လှန်ရေး သုံးသပ်မှုဆိုတာတွေ့ရခဲတယ် (အချို့ စာစောင်၊ ဆောင်းပါးများမှ အပ)။

(၄) ကိုယ့်အရေးတခုအပေါ်ပဲ အာရုံထားတဲ့အတွက် ကိုယ့်အရှုပ်နဲ့ကိုယ်တိုင်ပတ်နေပြီး တခြားတော်လှန်ရေးရဲ့ အောင်မြင်မှု၊ အားနည်းမှု၊ ကျရှုံးမှုတွေအပေါ် လေ့လာတာ/နားလည်တာ အားနည်းလာပြီး Inward looking ပိုဖြစ်လာတယ်။ (P.S. နိုင်ငံတကာအကြောင်းမဆိုနဲ့ ကိုယ့်အကြောင်း ကိုယ့်ရန်သူအကြောင်း အမှန်တကယ်သိလားဆိုတာတောင် မေးခွန်းရှိလာတယ်။)

(၅) လှုပ်ရှားဆောင်ရွက်မှုတွေကို ပြန်ကြည့်ရင် လပေါင်းများစွာကြာလာတာနဲ့အမျှ အာဏာရှင်ဖလှေ့၊ အာဏာရှင်လူ့အဖွဲ့အစည်း/စနစ်ရဲ့အခြေခံ ကြောရိုးပြဿနာတွေကို ဦးတည်ဖြေရှင်းဖို့ထက် အလှမ်းဝေးလာတယ် (ဥပမာ - ပြည်ထောင်စုဆိုတာကို တည်ဆောက်ထားတဲ့ အတွေးအခေါ်၊ လူမျိုး-ဘာသာနဲ့ နိုင်ငံရေး၊ နိုင်ငံတော်-တိုင်းပြည်-ပြည်သူ ကို ဆက်စပ်ထားတဲ့ အခြေခံအတွေးအခေါ်၊ လူမှုတရားမျှတမှု၊ ခေတ်သစ် ပြည်တွင်းကိုလိုနီစနစ်၊ အရင်းရှင်စနစ်၊ လူမှုဖူလုံချမ်းငြိမ်းရေးအတွက်



Photo : SOPA Images/LightRocket via Getty Images

ပြန်လည်ခွဲဝေရေးဆိုင်ရာတရားမျှတမှု စသဖြင့်)။ တနည်း - ဒီမိုကရေစီ၊ ဖက်ဒရယ်၊ ငြိမ်းချမ်းရေး စတာတွေကို အဖွဲ့အစည်းအုပ်စုများအကြား မဟာမိတ်ဖွဲ့နိုင်ရေးအတွက် နိုင်ငံရေးnarrativeလို သုံးနေတဲ့အတွက် အမှန်တကယ် လူမှုတရားမျှတရေးအတွက် အခြေခံကြောရိုးတွေဖြစ်တဲ့ နိုင်ငံ-စီးပွားရေးစနစ်၊ ထုံးတမ်းစဉ်လာ အခြေပြု နိုင်ငံရေး-စစ်ရေး-စီးပွားရေး-ဘာသာရေး လူကုန်ထံ ဦးဆောင်အုပ်ချုပ်ခလေ့၊ အုပ်ချုပ်ရေးအာဏာရဲ့ Power baseတွေကို တွန်းလှန်ဖို့နဲ့ အလှမ်းဝေးလာတယ်။ တော်လှန်ရေးလို့ဆိုသော်လည်း အစိုးရတခုကို တခြားအစိုးရနဲ့ အစားထိုးဖို့လောက်အဆင့်မှာပဲ ရှိနေတယ်။ စကစပြုတ်ပြီး အရပ်သားအစိုးရတက်လာခဲ့သည့်တိုင် နိုင်ငံတော်ဆိုင်ရာအတွေးအခေါ်၊ နိုင်ငံတော်-ပြည်သူဆက်စပ်မှု၊ ပြည်သူ-ပြည်သူချင်းဆက်စပ်မှု၊လူ့အဖွဲ့အစည်းတည်ဆောက်မှု၊ အုပ်ချုပ်မှု၊ တန်းတူမှု၊ ပြန်လည်ခွဲဝေမှုဆိုင်ရာ တရားမျှတမှုနဲ့ ပတ်သက်ပြီး ဘာတွေအသစ်/အပြောင်းအလဲဖြစ်မယ်ဆိုတာ ရေရာမှုမရှိပါဘူး လို့မြင်ပါတယ် (ဖက်ဒရယ်ချာတာဟာလည်း တကယ်တော့ အာမခံချက်မရှိဘူးလို့ ဥပဒေပညာရှင်တွေဆီက ကြားရပါတယ်)။

(၆) အထက်ပါအခြေခံပြဿနာတွေနဲ့ ဝေးလာသလို ကြားကာလအုပ်ချုပ်ရေးတို့ အနာဂတ်အုပ်ချုပ်ရေးတို့အပေါ် အာရုံပြောင်းလာတဲ့အတွက် အထက်ကအခြေခံပြဿနာတွေကြောင့် ဒီနေ့ရင်ဆိုင်နေရတဲ့ လူမှု-စီးပွား-အုပ်ချုပ်ရေး ပြဿနာတွေကိုလည်း သတိမပြုမိကြတော့ဘူးလို့ မြင်တယ်။

(၇) နိုင်ငံတကာရေးရာမှာလည်း နိုင်ငံတကာစနစ်ဟာ ဆင်းရဲသားနင်းပြားတွေကို လုပ်အားအမြတ်ထုတ်၊ သဘာဝသယံဇာတ အမြတ်ထုတ်စတာတွေအပေါ် အခြေခံထားတဲ့ အရင်းရှင်စနစ်ဖြစ်ပြီး၊ အာဏာရှင်တွေနဲ့ နိုင်ငံတကာအရင်းရှင်လူတန်းစားဟာ အကျိုးတူလို့ ပုလင်းတူဖူးစို့ဖြစ်တာရယ်၊ (လူသားချင်းစာနာမှုအတွေးအခေါ်/လုပ်ကိုင်မှု အပါ) နိုင်ငံတကာစနစ် ကို racismပေါ်မှာ အခြေခံထားတဲ့အတွက် ဖိနှိပ်ခံတွေရဲ့ တော်လှန်ရေးဟာ ပြည်တွင်းအာဏာရှင်သာမက ပြည်ပ/အိမ်နီးချင်းရဲ့ အရင်းရှင်နဲ့ လူမျိုးရေးနှိမ်တဲ့ စနစ်ကိုပါ ရင်ဆိုင်ဖို့လိုတယ်ဆိုတဲ့ ကွင်းဆက်ပြတ်သွားတယ်။ (တကမ္ဘာလုံးကို ရန်ထောင်ဖို့ ဆိုလိုတာမဟုတ်ပါ။ ဒီအရှိတရားကို ဘယ်လို ကိုင်တွယ်မလဲဆိုတာဖြစ်တယ်)

ဒီအချက်တွေကို ခြုံလိုက်ရင် လူငယ်တွေအသက်ပေးထားတဲ့ တော်လှန်ရေးဟာ ဦးဆောင်သူဆိုသူတွေအတွက် ဘာတော်လှန်ရေးလဲလို့ မေးခွန်းထုတ်ရပါမယ်။ အနည်းဆုံးအနေနဲ့ မေးရမှာက

- ဘာလုပ်နေတာလဲ - ခုခံရေးလား၊ ပုန်ကန်ရေးလား၊ အရေးတော်ပုံလား၊ ဆန္ဒပြလား၊ ဆန္ဒထုတ်ဖော်လား၊ နိုင်ငံရေး ကမ်ပိန်းလား၊ တော်လှန်ရေးလား၊ အခြားလား။
- တော်လှန်တယ်ဆိုရင် ဘယ်သူ့ကို တော်လှန်နေတာလဲ။
- ဘာကို တော်လှန်နေတာလဲ။
- တိတိကျကျ ဘာကို ပြောင်းလဲချင်တာလဲ။

(၅)

## အာဏာရှင် နိုင်မယ်ထင်တဲ့ နိုင်ငံတကာအမြင်

တော်လှန်ရေးဆိုတာ မမျှော်လင့်ဘဲ ထဖြစ်သလို အာဏာရှင်အစိုးရ ပြုတ်ကျတာလဲ ရုတ်ချည်းထ ဖြစ်နိုင်ပါတယ်။ CIAအပါ နိုင်ငံတကာထောက်လှမ်းရေးအေဂျင်စီတွေ ထင်တဲ့ ဆန့်ကျင်ဆန္ဒပြမှုဘယ်လောက်ရှိရှိ တည်မြဲမယ်လို့တွက်တဲ့ အစိုးရတွေတောင် မထင်မှတ်တဲ့ အချိန်ပြုတ်ကျကြပါတယ်။ ဥပမာ - အီဂျစ် သမ္မတ အာဏာရှင် မူဘာရက်။




Photo : AFP/Getty Images

အခု မြန်မာပြည်အရေးမှာလဲ စကစ နိုင်မယ် (သို့) ဘယ်သူမှ နိုင်မှာ မဟုတ်ဘူး ဆိုပြီး နေပြည်တော်ကို မြောင်းပေါက်သွားနေတဲ့ တရားဝင် engagement တွေ၊ တိုးတိုးတိတ်တိတ် သံတမန် back channeling တွေဟာ ကိုယ့်ဂျင်းကိုယ်ပြန်မိနေတဲ့ စစ်ရာဇဝတ်အားပေး လုပ်ရပ်ပဲ ဖြစ်ပါတယ်။

(၆)

## လူမျိုးရေး၊ ဘာသာရေး၊ ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးမှာ မြန်မာအတိုက်အခံအတော်များများနဲ့ နိုင်ငံတကာချဉ်းကပ်ပုံ ဆင်တူတာတခုရှိတယ်။ အဲ့ဒါကတော့ လူမျိုးရေး/ဘာသာရေး ကိစ္စပါပဲ။

မြန်မာအတိုက်အခံအတော်များများဟာ စစ်အာဏာရှင်ကို အရင်တိုက်၊ ဒီမိုကရေစီအရင်လုပ်၊ လူမျိုးရေး/ဘာသာရေး၊ တန်းတူရေး ခဏထား (နောက်မှလုပ်) ဆိုတဲ့ ချဉ်းကပ်မှုနဲ့သွားကြတယ်။ လူမျိုးရေး/ဘာသာရေး မှိုင်း (သို့) အတွေးအခေါ် (သို့) populist campaignဟာ အာဏာရှင်စနစ်၊ အာဏာရှင် အဖွဲ့အစည်း၊ အာဏာရှင်အုပ်ချုပ်ရေးရဲ့ သွေးကြောဖြစ်နေသည့်တိုင် လူမျိုးရေး/ဘာသာရေးကို အရေးမကြီးတဲ့ ဘောင်အနားက ကိစ္စ ၊ အလျဉ်းသင့်ရင်လုပ် အဲ့သလောက်သာ သဘောထားတယ်။ Social cohesionတို့ communal relationတို့ကို ငြိမ်းချမ်းရေး/နိုင်ငံရေးအတွက် အဆင့်မမှီတဲ့ ရပ်ရေးရွာရေးကိစ္စလို့ ကြည့်ကြပုံရတယ်။

တကယ်တော့ အာဏာရှင်ချုပ်ငြိမ်းပြီး ငြိမ်းချမ်း/တရားမျှတတဲ့ အနာဂတ်နိုင်ငံအတွက် လူမျိုးရေး/ဘာသာရေး




Photo : General Strike Committee of Nationalities - GSCN

ကို ရှင်းနိုင်ဖို့ လိုပါတယ်။ Diversity စုံလင်ကွဲပြားမှုနဲ့ တန်းတူရေးကို အုတ်မြစ်ချနိုင်ဖို့ လိုပါတယ်။ ဖွဲ့စည်းပုံမူကြမ်းမှာ စာသားလေးတွေ ပါရုံ/ပြောင်းရုံနဲ့ မရပါဘူး။ စာသားကိစ္စပြောရရင် NCA စာသားနဲ့ ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ စာသား မကွာပါဘူး။ ဘာမှလဲ လုပ်မရ။ ဆိုတော့ လူ့အဖွဲ့အစည်းရဲ့ အတွေးအခေါ်/နားလည်မှုနဲ့ လူ့အဖွဲ့အစည်း မကျွိုင်တွေပါ ပြောင်းဖို့လိုပါတယ်။ အဲဒီ့လို မရှင်းနိုင်ရင်တော့ အာဏာရှင်ပေါက်စက လူမျိုးရေး/ဘာသာရေးမှိုင်းကို ဆက်အသုံးချမှာပါဘဲ။ အလုပ်မလုပ်ဘဲချမ်းသာ/အာဏာကြီးထွားနေတဲ့ လူတန်းစားက အာဏာရှင်မင်းဆရာဆက်ဖြစ်နေပါမယ်။ နှစ်ကာလများစွာ ဂျင်းမိနေတဲ့ ပြည်သူတွေက လူမျိုးရေး/ဘာသာရေး (အချုပ်အခြာရေး)နဲ့ လှည့်ပေးလိုက်ရင် ပြန်လည်သွားမယ်။

(၇)

မြန်မာပြည်တည်ငြိမ်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အကျိုးရှိမယ်၊ ဒါကြောင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်ရောက်အောင် အတိုက်အခံကို အရင်ကူပါဆိုတဲ့ သုံးသပ်ချက်တွေက လွဲနေပါတယ်။ ဖြစ်ချင်တဲ့ wish list သာ ဖြစ်ပါတယ်။ အမှန်က အရင်းရှင်စနစ်ကို အရင်းရှင်စနစ်လို့ မပြောကြ၊ မပြောရဲကြတဲ့အတွက် မမြင်နိုင်ကြတာက -

(က) ဈေးကွက်စီးပွါးရေးပဲခေါ်ခေါ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပဲခေါ်ခေါ်၊ ဒါတွေဟာ အရင်းရှင် စနစ်အခြေခံတယ်၊

(ခ) ဒီစနစ်ဟာ ခေါင်းပုံဖြတ်မှုအပါ အကြမ်းနည်းနဲ့ မြေ/သံယံဇာတလု၊ ဈေးကွက်ဖော်၊ ခေတ်သစ်ကျွန် အလုပ်သမားပြု၊ ဘယ်သူသေသေငတေမာရင်ပြီးရော လောဘဇောတိုက်တဲ့ အတွက်

စစ်/ပဋိပက္ခတွေကို ဖြစ်စေတယ်၊ ရှိနေတဲ့ပဋိပက္ခတွေကို အသုံးချကြတယ်။ ဒါကြောင့် ကိုယ်ကျင့်တရား နိုင်ငံရေးတို့ ငြိမ်းချမ်းမှုတိုးတက်မယ်တို့အစား war economyကို တည်ပြီး တွက်ချက်ဖို့ လိုပါတယ်။

(၈)

## Refolution

Asef Bayat ရဲ့ Revolution without revolutionaries စာအုပ်မှာ "Refolutions" ဆိုတာကို ဖတ်ရပါတယ်။ Bayatရဲ့ အဓိကကြောရိုး argumentက အာရပ်နွေဦးဟာ အရင် ၁၉၇၀-၁၉၈၀ လောက်က ဖြစ်ခဲ့တဲ့ လူထုလှုပ်ရှားမှုတွေနဲ့ မတူဘူး၊ တော်လှန်ရေးဆိုသော်လည်း radicalအပြောင်းအလဲလုပ်တာ မဟုတ်သလို နိုင်ငံတော်အာဏာ/အဆောက်အဦရဲ့ အခြေခံဖောင်ဒေးရှင်းတွေကို ဘယ်လိုပြောင်းလဲမယ် ဆိုတာ ရှင်းလင်းတဲ့ အမြင်၊ ဗျူဟာ၊ ဦးဆောင်မှုတွေ မရှိဘူး။ ဒါကြောင့် တော်လှန်ရေးနဲ့ ပြုပြင်ပြောင်းလဲရေး ပေါင်းစပ်ထားတဲ့ Refolutions လို့ ဆိုလိုခြင်းဖြစ်တယ်။

တနည်း -

(၁) လူထုအုံကြွအောင် စည်းရုံးကမ်ပိန်းလုပ်တဲ့ နေရာမှာတော့ revolutionary ဖြစ်တယ်၊ ဒါပေမဲ့ ဗျူဟာနဲ့ အမြင်ကတော့ reformist ဖြစ်တယ် (revolutionary mobilization + reformist vision/ strategy)



Photo : EPA-EFE/SHUTTERSOTCK

(၂) တော်လှန်ရေးအမြင်သစ်ကို ဖန်တီးဖို့ intellectual inputs အားနည်း

(၃) လက်ရှိအုပ်ချုပ်ပုံစနစ်၊ အုပ်ချုပ်ရေး mechianismနဲ့ အခြေခံကျကျ ကွဲပြားခြားနားတဲ့ စနစ်ကို ချမှတ်ဖော်ထုတ်နိုင်ခြင်းမရှိ

(၄) State institution တွေကို ပြောင်းလဲဖို့ စိတ်မဝင်စား (သို့) ခြေတုန်ချတုန်ဖြစ်

(၅) State power နဲ့ လူ့အဖွဲ့အစည်းတွင်း power structure/base ကို အခြေခံကျကျ ပြောင်းလဲ ချမှတ်နိုင်ခြင်းမရှိ

(၆) နိုင်ငံရေးနဲ့ စီးပွားရေး သီးသန့်စီ စဉ်းစားကိုင်တွယ်တဲ့အတွက် (တနည်း နိုင်ငံရေးကိုဘဲ ပြောင်းချင်ပြီး စီးပွားရေးစနစ်ကို မပြောင်းတဲ့အတွက် distritutive justice အစား) အရင်းရှင်စနစ်ဗဟိုပြု စီးပွားရေးက အရင်အုပ်ချုပ်သူလူတန်းစားတွေကို အုပ်ချုပ်ရေးမှာပါ တနည်းနည်းနဲ့ အသာစီးပြန်ရ စေတယ်

(၇) တက်ကြွလှုပ်ရှားသူတွေက state powerကို ယူဖို့ စိတ်ကူး မရှိတဲ့အတွက် အရင် လူတွေကပဲ နေရာ ပြန်ယူတယ်

(၈) Collective leadership ဆိုတဲ့ ခေါင်းစဉ်အောက် အမှန်တကယ် ခေါင်းဆောင်/ဦးဆောင်မှုပျောက် သွားတယ်။

(၉)

## Agent of Change (ကျောင်းသားလူငယ်)

နွေဦးတော်လှန်ရေးဆိုရာမှာ တဖြည်းဖြည်းနဲ့ မှုန်ဝါးလာတဲ့အချက်တချက်ကတော့ အပြောင်းအလဲကို အမှန် တကယ် ဘယ်သူက လုပ်နေသလဲ/လုပ်မှာလဲ/လုပ်နိုင်သလဲဆိုတဲ့ Agent of Change ဖြစ်ပါတယ်။

နွေဦး (၂)နှစ် ကျော်လာတာနဲ့အမျှ အဖွဲ့အစည်းတချို့ဟာ တော်လှန်ရေးနဲ့ နှစ်ပါး/သုံးပါး တဆူလို ဖြစ်လာနေ ပါတယ်။ ပြည်တွင်းပြည်ပ မီဒီယာ၊ ထောက်ကူအဖွဲ့အစည်းနဲ့ နိုင်ငံတကာ လေ့လာသူ/အကြံပေးစတဲ့ လူတွေ ကအစ သူတို့ကိုသာ တော်လှန်ရေး"မိခင်"လို့ ယူဆပုံရတယ်။

အားနည်းချက်ရှိသော်လည်း ထောက်ခံကူညီရမယ်ဆိုတာကို လက်ခံပါတယ်၊ သို့သော် သူတို့ဟာ တကယ်ပဲ တော်လှန်ရေး/change agent ဟုတ်ရဲ့လား ဆိုတာ ကွဲကွဲပြားပြားရှိဖို့လိုတယ်။



Photo : Social Media

အရပ်သားနိုင်ငံရေး အဖွဲ့အစည်း၊ လက်နက်ကိုင်အဖွဲ့အစည်းသာမက အရပ်ဘက်အဖွဲ့အစည်းရဲ့ ယေဘုယျအခန်းကဏ္ဍလည်း ထိုနည်းလည်းကောင်းပါဘဲ။ (Activismလား NGOလား တိတိကျကျခွဲမရဘဲ ဆက်လက်ရှင်သန်နိုင်အောင် ရုန်းကန်နေရတဲ့ အခင်းအကျင်းကို လက်ခံသော်လည်း သူဟာ change agent ဟုတ်ရဲ့လားဆိုတဲ့ မေးခွန်းရှိလာတယ်။)

ဒီနေရာမှာ လက်ရှိအခင်းအကျင်းအရရော၊ အစဉ်အလာအရရော အပြောင်းအလဲကို တွန်းတာ ကျောင်းသားလူငယ်အုပ်စုတွေ ဖြစ်တယ်။ ဒါပေမဲ့ နွေဦး ၂ နှစ်ကျော်လာတဲ့အခါမှာ ဒီကျောင်းသားလူငယ်တွေရဲ့ တော်လှန်ရေးအသံဟာ နိုင်ငံရေး script တွေမှာ၊ သတင်းခေါင်းစဉ်တွေမှာ တဖြည်းဖြည်းပျောက်လာနေတယ်။

မြန်မာနွေဦး တော်လှန်ရေးဟာ အပြောင်းအလဲအတွက်ဆိုရင် ကျောင်းသားလူငယ်အစုအဖွဲ့တွေရဲ့ အခန်းကဏ္ဍဟာ နိုင်ငံရေး script၊ သတင်းခေါင်းစဉ် highlightsတွေ ဖြစ်သင့်ပါတယ်။

လူငယ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ဖြစ်တယ်ဆိုတာကို ယုံကြည်ရင် ပင်စင်အရွယ်၊ မကြာခင် ပင်စင်သွားရမဲ့အရွယ်တွေအစား မြေပြင်တပ်ဦးမှာရှိနေတဲ့ ဒီကျောင်းသားလူငယ်တွေ နိုင်ငံရေးတပ်ဦးနဲ့ နိုင်ငံတကာမျက်နှာစာမှာ ရှိနေဖို့ကို ထောက်ခံ အားပေးရပါမယ်။  သူတို့အသံ၊ သူတို့အနာဂတ်မျှော်မှန်းချက်၊ သူတို့

နိုင်ငံရေး/စစ်ရေးဟာ တော်လှန်ရေးရဲ့ နိုင်ငံရေး script နဲ့ သတင်းခေါင်းစဉ်တွေ ဖြစ်နေဖို့လိုပါတယ်။

(၁၀)

## Global Super Rich V. Myanmar Spring

မြန်မာနွေဦးတော်လှန်ရေးနဲ့ နိုင်ငံတကာအခန်းကဏ္ဍကို စဉ်းစားရာမှာ Globalizationကို မေ့ထားလို့မရပါဘူး။ အထူးသဖြင့် လက်တဆုတ်စာ ကမ္ဘာ့အချမ်းသာဆုံး လူတန်းစား (global super rich class) ရဲ့ ပိုပိုချမ်းသာအောင် စီးပွားရေးချဲ့ထွင်လာမှုဟာ ကမ္ဘာတလွှား ဒီမိုကရေစီကို အင်အားချိနဲ့နေစေတယ်။ အဲ့ဒီ global super rich လူတန်းစားအကျိုးစီးပွားကို ကိုယ်စားပြုတဲ့ အစိုးရတွေဆီကနေ ဒီမိုကရေစီအရေး မျှော်လင့်စရာရှားတယ်။ ဒါကြောင့် alternative globalization အခြေခံကို ချည်းကပ်ဖို့ သင့်တယ်။

### (၁) Global Super Rich လူတန်းစား

ဒီနှစ်အစပိုင်းက ရေးဖြစ်တဲ့ဆောင်းပါးမှာ နိုင်ငံတကာ အရင်းရှင်လူတန်းစားလို့ ရည်ညွှန်းထားပါတယ်။ ဘယ်လိုပဲခေါ်ခေါ် ဒီglobal super rich လူတန်းစားဟာ ကမ္ဘာကြီးကို စီးပွားရေးယူနစ်တခုလို့ ကြည့်တယ် (one economic unit)။ သူတို့ရဲ့ ပိုင်ဆိုင်မှုဟာ

- သူတို့နိုင်ငံသားခံယူထားတဲ့နိုင်ငံ တနိုင်ငံတည်းမှာပဲ မဟုတ်ဘဲ တကမ္ဘာလုံးအနှံ့ရှိကြတယ်။
- စီးပွားရေးကဏ္ဍတခုတည်းမှာပဲ မဟုတ်ဘဲ ကဏ္ဍများစွာမှာ ရင်းနှီးမြှုပ်နှံထားကြတယ်။
  ဥပမာ - ဆောက်လုပ်ရေးကုမ္ပဏီကြီးတခုဟာ တခြားနိုင်ငံတွေက စက်ရုံတွေမှာရင်းနှီးမြှုပ်နှံထားသလို နောက်တခြားနိုင်ငံတွေရဲ့ ဟိုတယ်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စွမ်းအင် စတာတွေမှာလည်း သူ့ရှယ်ယာပိုင်ဆိုင်မှုအမြောက်အများရှိနေတတ်ပါတယ်။
- တဦးတည်းပိုင်တာထက် ရှယ်ယာပိုင်ဆိုင်မှုဖြစ်တယ်တဲ့အတွက် သူတို့ရဲ့ပိုင်ဆိုင်မှုဟာ အကျိုးတူ ဘုံပိုင်ဆိုင်မှု joint ownershipတွေ ဖြစ်တယ်။ နိုင်ငံတကာပိုင်ဆိုင်မှု ဖြစ်တယ်။
- ဒါကြောင့် နိုင်ငံသား၊ လူမျိုး၊ ဘာသာ ဘယ်လိုကွဲပြားနေပါစေ၊ သူတို့အချင်းချင်းဘယ်လို ပြိုင်ဆိုင်နေပါစေ super rich လူတန်းစားဟာ အုပ်စုတစု၊ လူတန်းစားတရပ် (ပုလင်းတူဖုံးစို့လူတန်းစား) ဖြစ်တယ်။ သူတို့အုပ်စုလူတန်းစား ဘုံအကျိုးစီးပွားဟာ လူအများစုဖြစ်တဲ့ ဆင်းရဲသား၊ လူလတ်တန်းစား အကျိုးစီးပွားနဲ့ ထပ်တူမကျပါဘူး။ ဆန့်ကျင်ဘက်တောင် ဖြစ်နေပါတယ်။

### (၂) ဒီမိုကရေစီစနစ် ဖျက်ဆီး/အားအင်ချိနဲ့စေ

- ၂၁ ရာစု Globalizationခေတ်မှာ တနိုင်ငံနဲ့ တနိုင်ငံ ပိုမိုဆက်နွယ်မှု၊ လမ်းပမ်းဆက်သွယ်ရေး၊ အင်တာနက်အပါ communication ဆက်သွယ်ချိတ်ဆက်မှုကို အခွင့်ကောင်းယူပြီး အလုပ်သမားခ




Photo : Social Media

အနည်းဆုံးနိုင်ငံ၊ ကုန်ကျစရိတ်အနည်းဆုံးနိုင်ငံတွေကို သူတို့ရဲ့ စက်ရုံတွေ တနိုင်ငံပြီးတနိုင်ငံ ရွှေ့ကြတယ်။ အလုပ်သမား သမဂ္ဂတွေကို ချိုးနှိမ်အောင်လုပ်တယ်။ ကုန်ကျစရိတ်သက်သာအောင် လူမှုဖူလုံမှု စီမံကိန်း/ခံစားခွင့်တွေ လျှော့ချတယ်။

- ကုန်ကြမ်းအပေါ်ဆုံးရတဲ့ နေရာကနေ အပြိုင်လုကြတယ်။

ဒီလို တကမ္ဘာလုံးပတ်လုပ်ရင်း အလုပ်သမား/လယ်သမား၊ ဆင်းရဲသားအများပြည်သူနဲ့ လူလတ်တန်းစားကို အကာအကွယ်ပေးထားတဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ အစိုးရတွေကို အားအင်ချိနဲ့စေတယ်။ လူထုကိုကာကွယ်တဲ့ အစိုးရအစား၊ (ဒီမိုကရေစီ ရွေးကောက်ပွဲနဲ့ရွေးချယ်ပေမဲ့) လူထုအကျိုးစီးပွား/ဖူလုံချမ်းငြိမ်းမှုနဲ့ ဆန့်ကျင်တာတွေကို super rich ကိုယ်စားလုပ်ပေးတဲ့ အစိုးရကို အပြိုင်အဆိုင် ထောက်ခံအားပေးကြတယ်။

ဒီလူတန်းစားက ဒီမိုကရေစီကို ရည်ရွယ်ချက်ရှိရှိလုပ်ကြံဖျက်ဆီးတယ်လို့ မဆိုလိုပါ။ သူတို့အကျိုးစီးပွားကို ရှေ့တန်းတင်ရင်း ဆင်းရဲသား၊ အလုပ်သမား/လယ်သမားတွေကို အကာအကွယ်ပေးတဲ့ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်နဲ့ ဆင်းရဲသား/လူလတ်တန်းစားအကျိုးစီးပွားကို ဦးစားပေးတဲ့ အစိုးရတွေကို ဆန့်ကျင်လျက်သားဖြစ်သွားတာကို ဆိုလိုခြင်းဖြစ်တယ်။

### (၃) Global super rich VS. ဆင်းရဲသား/လူလတ်တန်းစား

သူတို့အတွက် အရေးကြီးတာက ဒီမိုကရေစီမဟုတ် (သူတို့ဟာ အစိုးရတွေကို နောက်ကနေ ကြိုးကိုင်၊ ဖြစ်ချင်တာ လုပ်ခိုင်းတဲ့ပါဝါရှိပြီးသား)။ အကျိုးအမြတ်ပိုရှိစေမဲ့ အခွင့်အလမ်းဖြစ်တယ်။

အဲ့ဒီအခွင့်အလမ်းဆိုတာက နိုင်ငံရေးရလဒ်ပေါ်မှာမူတည်တယ်။ ဘယ်လို နိုင်ငံရေး ရလဒ်လဲဆိုရင် လူထု/အလုပ်သမား ဆင်းရဲသားနဲ့ လူလတ်တန်းစားကို ကာကွယ်ပေးထားတဲ့ ဒီမိုကရေစီစနစ်/အုပ်ချုပ်ရေးကို အားလျော့စေတဲ့ ရလဒ်ဖြစ်တယ်။ ဒါကြောင့် global super rich အကျိုးစီးပွားနဲ့ လူလတ်/ဆင်းရဲသား အကျိုးစီးပွားဟာ ဆန့်ကျင်ဘက်လို့ဆိုလိုခြင်းတာဖြစ်တယ်။

### (၄) မြန်မာနွေဦးအတွက် Alternative Globalization

၂၁ ရာစု globalizationဟာ global super richတွေကို ပိုအကျိုးရှိစေတယ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို အားအင်ချိနဲ့စေတယ်ဆိုရင် ဒီလူတန်းစားကို ကိုယ်စားပြုတဲ့ အစိုးရတွေဆီကနေ ဒီမိုကရေစီအရေး အကူအညီမျှော်လင့်တာဟာ သဘာဝကျရဲ့လား၊ မစားရ အညှော်ခံ ဆက်လုပ်ကြအုံးမလားဆိုတာ မေးခွန်းထုတ်ရပါတယ်။

တချိန်တည်းမှာ စဉ်းစားရမှာက
ဘယ်အရာမဆို အဆိုးအကောင်း၊ အားနည်းချက် အားသာချက်၊ ဟိုဘက် ဒီဘက် ဒွန်တွဲနေတဲ့အတွက် Globalizationကို ရှောင်လွှဲလို့လဲမရ၊ သိမ်းကြုံးဆန့်ကျင်ဖို့ကလည်း သဘာဝမကျမဲ့ အတူတူ ၂၁ရာစု အရင်းရှင် globalizationရဲ့ တခြားမျက်နှာစာတဖက်ခြမ်းမှာ ဒီမိုကရေစီအင်အားစုအတွက် အထောက်အကူရစေမဲ့ alternative globalizationတွေကို ဖော်ထုတ်ရမယ်လို့ မြင်တယ်။ [ဆက်ရန်]

Ref: Fathali Moghaddam, The Globalization-Revolution Paradox (2018)

(၁၁)

## အာဏာရှင်တခုမှ နောက်တခု

၁၉၇၉ အီရန်တော်လှန်ရေးဟာ ကမ္ဘာ့သမိုင်းမှာ အထင်ကရဖြစ်စဉ်ဖြစ်သလို အီရန်နိုင်ငံရေးအပေါ်မှာ အများကြီး အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။ အဲ့ဒီ အီရန်တော်လှန်ရေးဟာ ရှားဘုရင်ရဲ့အာဏာရှင်စနစ်ကို တော်လှန်တာဖြစ်ပေမဲ့ ရှားဘုရင် ပြုတ်ကျပြီးတာနဲ့ ချက်ချင်းဆိုသလို ခိုမေနီရဲ့ အာဏာရှင်စနစ် အမြစ်တွယ်ခဲ့တယ်။ ကမ္ဘာကျော် အာဏာရှင်ဆန့်ကျင်တော်လှန်ရေးဟာ ဘာကြောင့် နောက်ထပ်အာဏာရှင်အသစ်နဲ့ ဆက်ပြီး နှစ်ပါးသွားကြရတာလဲ။

အီရန်နွယ်ဖွား စိတ်ပညာရှင် Fathali Moghaddamရဲ့ စာတမ်းတခုအရ -
လူ့အဖွဲ့အစည်းပြောင်းလဲဖို့ဆိုတာ အုပ်ချုပ်တဲ့ ခေါင်းဆောင်အပြောင်းအလဲချည်းမဟုတ်၊ နိုင်ငံရေးအဆောက်အဦ (political institutions) နဲ့ လုပ်ကိုင်ဆောင်ရွက်ပုံအပြင်

- စိတ်နေသဘောထား
- အတွေးအခေါ်
- အကျင့်/ဓလေ့
- မိမိတို့ဖြစ်တည်မှု (being & identity)
- လူအုပ်စု ဓလေ့ (group process)
- အပြောင်းအလဲအပေါ် နားလည်မှု

စတာတွေလဲ ပြောင်းလဲဖို့လိုပါတယ်။

ဒါပေမဲ့ တော်လှန်ရေးအပြီး အစိုးရသစ်တွေကို အာဏာလွှဲပြောင်းတာတွေရှိခဲ့ရင်တောင် နိုင်ငံအများစုမှာ နိုင်ငံရေးဆိုတဲ့ ပါဝါဂိမ်းကို ဆုံးဖြတ်ပေးတဲ့ စည်းမျဉ်း/ဓလေ့ နဲ့ လူတွေရဲ့ လုပ်ကိုင်ပုံ၊ စိတ်သဘောထား၊ အပြုအမူအကျင့်စရိုက်တွေ မပြောင်းလဲသွားပါဘူး။ အီရန်မှာဆိုရင်

(၁) စနစ်တခုကနေ စနစ်အသစ်တခုကို ပြောင်းသွားတာမဟုတ်ဘဲ အာဏာရှင်စနစ်အတွင်းမှာ အုပ်ချုပ်သူ/အစိုးရပြောင်းသွားတာသာ ဖြစ်တယ်။

(၂) ဦးဆောင်သူ-နောက်လိုက် ဆက်ဆံရေးက ပြောင်းမသွားဘူး။ နောက်လိုက်တွေဟာ ခေါင်းဆောင်ကို တသွေမတိမ်း နာခံရမယ်လို့ ဆက်ယုံကြည်မြဲဖြစ်တယ်။

အဲ့ဒီ ခေါင်းဆောင်-နောက်လိုက် ဆက်ဆံရေးမပြောင်းရတဲ့အကြောင်းရင်းက

- ခေါင်းဆောင်ကို နာခံဖို့ အတွေးအခေါ်ကို လိုရာဆွဲ ဘာသာရေးအမြင်ဆီက ယူလာတယ်။ ခေါင်းဆောင်ဟာ နောက်ဆုံး ဆုံးဖြတ်ပိုင်ခွင့်ရှိသူ၊ အရာအားလုံးအပေါ် ဩဇာလွှမ်းသူ ဖြစ်သွားတယ်။

- မိသားစုနဲ့ ကျောင်းတွေဟာ အထက်အောက် ဆက်ဆံရေးဓလေ့ကို မပြောင်းလဲနိုင်ခဲ့ဘူး။ ဒါဟာ လွတ်မြောက်ရေး/ဒီမိုကရေစီရေးအတွက် အဟန့်အတားအကြီးအမားဖြစ်စေခဲ့တယ်။ မိသားစုစနစ်ဟာ ဖိုအခြေပြုဓလေ့ဖြစ်တဲ့အတွက် ဇနီးသည်က ခင်ပွန်းကိုနာခံရတယ်။ (သားသမီးက မိဘ အထူးသဖြင့် အဖေ သို့မဟုတ် မိသားစုထဲက အကြီးဆုံးယောကျ်ားတယောက်ယောက်ကို နာခံရတာလဲ ပါမယ်)။ ဒီလို မိသားစုဓလေ့ဟာ မိသားစုတွင်းမှာပြီးမသွားဘဲ နိုင်ငံရေးဓလေ့ကို အကျိုးသက်ရောက်စေတယ်။ ဖိုဝါဒီလူ့အဖွဲ့အစည်းမှာ အထက်လူကို နာခံ၊ သူ့ကို မဆန့်ကျင်နဲ့၊ သူနဲ့ ပွတ်တိုက်မှု မဖြစ်စေနဲ့၊ စည်းကမ်းလိုက်နာရမယ်ဆိုတာက စလို့ အမြင်မတူတာ၊ အာဏာပိုင်ကို မေးခွန်းထုတ်တာ၊ ဝေဖန်တာကို ခွင့်မပြုတဲ့ ဓလေ့ကို ဆက်ပြီး ရှင်သန်စေတယ်။ တက္ကသိုလ်တွေမှာဆိုရင် စဉ်းစားဝေဖန်သုံးသပ်မှုကို ခွင့်မပြုဘဲ သတ်မှတ်ထားပေးတဲ့ (ဝါဒဖြန့်) ပညာရေးကိုသာ သင်ကြားကြရတယ်။

- မိသားစုနဲ့ ကျောင်းဟာ  နောက်မျိုးဆက်ကို မွေးဖွား သင်ကြားပေးတဲ့ training ground ဖြစ်လို့

အရေးကြီးတဲ့ အခြေခံယူနစ်တွေ ဖြစ်တယ်။ ဒါပေမဲ့ အဲ့ဒီ အခြေခံယူနစ်တွေ မပြောင်းလဲခြင်းဟာ အာဏာရှင်စနစ်ဆီကို နောက်ပြန်သွားဖို့ အထောက်အကူဖြစ်စေခဲ့တယ်။ ဥပမာ တရုတ်မှာလို။ ယဉ်ကျေးမှုတော်လှန်ရေးခေါင်းစဉ်အောက်မှာ ခေါင်းဆောင်အိုတွေက လူငယ်တွေကို အသုံးချပြီး ပိတ်ပင်ဖိနှိပ်မှုတွေ လုပ်ခဲ့တယ်။ အမျိုးသမီးတွေကို ကန့်သတ်ချုပ်ချယ်တဲ့ စနစ်ကို (ပြန်လည်) အသက်သွင်းခြင်းဖြစ်တယ်။ ဒီလိုနဲ့ ပွင့်လင်းလွတ်လပ်တဲ့စနစ်အစား ခေါင်းဆောင်တဦးနဲ့ သူ့အစိုးရက အာဏာကို အလုံးစုံချုပ်ကိုင်ထားတဲ့ ဖိနှိပ်တဲ့စနစ်ဆီပြန်လည်ဦးတည်ခဲ့ခြင်း ဖြစ်တယ်။

(၃) စနစ်ဟောင်းနဲ့ အသားကျနေတဲ့ ဗျူရိုကရေစီစနစ်ကလည်း ပြောင်းလဲရေးကို အဟန့်အတား အကြီးကျယ်ဖြစ်စေတယ်။

(၄) တော်လှန်ရေးပြီးကာစ မတည်မငြိမ်ကာလမှာ အတိုက်အခံတွေက ဒီမိုကရေစီ အားကောင်း အထောက်အပံ့ဖြစ်စေမဲ့ နည်းလမ်းတွေကို မဖန်တီးနိုင်ခဲ့ဘူး။ အာဏာရှင်ဟောင်းရဲ့ မူတွေ ဘောင်တွေကို ဖြိုလဲခဲ့ပေမဲ့ စနစ် အသစ်အတွက် ပြင်ဆင်ထားတာမရှိဘူး။

ဒီအတောအတွင်းမှာ ခိုမေနီက ဒီမိုကရေစီမဆန်တဲ့/အစွန်းရောက်အဖွဲ့တွေကို အသုံးချပြီး ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းအစား အာဏာရှင် စနစ်ဘက်ကို ပြန်ခေါ်သွားခဲ့တယ်။

Fathali Moghaddam ရဲ့ တော်လှန်ရေးအကြောင်း သုံးသပ်တဲ့ conceptual framework အတိုချုပ်ကို နောက်တပိုစ့်မှာ သီးသန့် ဆက်ရေးပါမယ်။

Ref:
- Fathali Moghaddam, Political Plasticity and Revolution: The Case of Iran
- Goldstone, Grinin, Korotayav. (2022). Introduction. Changing Yet Persistent: Revolutions and Revolutionary Event
- Asset Bayat (2017). Revolution without Revolutionaries: Making Sense of the Arab Spring